# 《တရုတ် • ယူနန်》 အထူးထုတ်သတင်းစာ လာအိုတွင်စတင်ဖြန့်ချီ

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ယူနန်နေ့စဉ်သတင်းလုပ်ငန်းအုပ်စုနှင့် လာအိုနိုင်ငံ၌ ပထမအကြီးဆုံးသော အင်္ဂလိပ်ဘာသာ သတင်းစာဖြစ်သည့် 《ဗီယင်ကျန်းတိုင်းမ်》 သတင်းစာတို့က ပူးပေါင်းကြသော《တရုတ် • ယူနန်》 (အင်္ဂလိပ်ဘာသာ) အထူးထုတ်သတင်းစာကို ဗီယင်ကျန်းမြို့တွင် စတင်ဖြန့်ချီပွဲ အခမ်းအနားကျင်းပခဲ့သည်။

ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် လာအိုမီဒီယာများနှင့်ပူးပေါင်း၍ သတင်းစာထုတ်ဝေသည့်ပထမဦးဆုံးသော တရုတ်မီဒီယာဖြစ်ကြောင်း သတင်းအရသိရသည်။ ဖြန့်ချီပွဲအခမ်းအနားတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်ကို နှစ်ဦးနှစ်ဖက်တို့မှ တရားဝင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုနေ့တွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည်လာအို《ပြည်သူ့သတင်းစာ》သို့ သတင်းထောက်ကိရိယာများကိုလည်း လှူဒါန်းပေးခဲ့သည်။

လာအိုနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီးကွမ်းဟွာပင်း၊ လာအိုနိုင်ငံသတင်း၊ ယဉ်ကျေးမှုနှင့်ခရီးသွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဆာဝန်ခုန်း • လာဆာမုန်တီ၊ လာအို-တရုတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီဒုတိယဥက္ကဌဝေကျီး • ရှင်တာအုန်း၊ လာအို-တရုတ်ချစ်ကြည်ရေးအသင်းအတွင်းရေးမှူးရှီခွန် • ပိန်ဝေလိုင်စသည့်ဧည့်သည်တော်များသည် စတင်ဖြန့်ချီပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၊ လာအို《ဗီယင်ကျန်းတိုင်းမ်》 သတင်းစာတို့မှ တာဝန်ရှိသူများနှင့်အတူ《တရုတ် • ယူနန်》 အထူးထုတ်သတင်းစာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ခဲ့ကြသည်။

ယူနန်-လာအိုတို့၏ ပူးပေါင်းဆောင်ရွက်ရေးသည် လန်ချန်း-မဲခေါင်မြစ်ဝှမ်းဒေသအတွင်း သဟဇာတဖြစ်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၏ စံပြအဖြစ် ခေါ်စမှတ်ပြုခံခဲ့ရသည်။

ယူနန်သည် လာအိုနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသောတရုတ်နိုင်ငံ၏ တစ်ခုတည်းသော ပြည်နယ်တစ်ပြည်နယ်ဖြစ်သည်။ ယခုနှစ်ပိုင်းတွင် ဒေသနှစ်ဒေသတို့ကို ဆက်သွယ်ထားသော ကူ(မင်း)-ဘန်(ကောက်) လမ်းမကြီးသည် လမ်းတစ်လျှောက်နေပြည်သူလူထုများအတွက် ကောင်းစားရေးများစွာ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ၂၀၀၄ခုနှစ်တုန်းကထူထောင်ထားသောယူနန်-လာအိုမြောက်ပိုင်း ပူးပေါင်းဆောင်ရွက်ရေးစနစ်သည် ယခုနှစ်တွင် ဒုတိယခုမြောက် (၁၀)နှစ်သို့ ဖြတ်သန်းလာတော့သည်။ ကူမင်းမြို့တွင်ကျင်းပခဲ့သော တောင်အာရှကုန်စည်ပြပွဲ နှင့်ကူမင်းကုန်စည်ပြပွဲသည် ယူနန်-လာအိုနှစ်ဦးနှစ်ဖက်တို့အတွက် ပူးပေါင်းဖလှယ်ရန် အရေးပါသော ညီစင်ဖြစ်လာတော့သည်။ ယခုနှစ်ဩဂုတ်လက 《တရုတ်-လာအိုမော်ဟန်း-မော်တင်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန်တည်ဆောက်ရန်ဘုံအထွေထွေအစီအစဉ်》ကို တရားဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည်ယူနန်နှင့်ပတ်ဝန်းကျင်နိုင်ငံများအကြား ပထမဦးဆုံးသော နယ်စပ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန် တရားဝင်တည်ထောင်ပြီးဖြစ်သည်ကို အမှတ်လက္ခဏာပြုလိုက်သည်။ ယခုပန္နက်ချပြီးသော တရုတ်-လာအိုရထားလမ်းသည် ယူနန်-လာအိုရှိ ပြည်သူနှင့်ကုန်ပစ္စည်းများသွားလာရေးအတွက် ဆတက်ထမ်းပိုးအဆင်ပြေလွယ်ကူစေနိုင်မှာဖြစ်သည်။ ယူနန်နေ့စဉ် သတင်းစာလုပ်ငန်းအုပ်စုသည် လာအို《ဗီယင်ကျန်းတိုင်းမ်》 သတင်းစာနှင့် ပူးပေါင်းသော《တရုတ် • ယူနန်》 အထူးထုတ်သတင်းစာ တရားဝင်ထုတ်ဝေနိုင်ခြင်းသည် အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့ကို အရှိန်အဟုန်မြှင့် ဖော်ဆောင်သော


အထူးထုတ်သတင်းစာစတင်ဖြန့်ချီပွဲအခမ်းအနား

တရုတ်-လာအို ဘက်စုံမဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံမှု၏ လက်တွေ့ဆောင် ရွက်ချက်လည်းဖြစ်၊ "တစ်ဇုန်တစ်လမ်း" စီမံကိန်းကို အတူတည်ဆောက်၊ အတူခံစားသည့် အသေးစိတ် ဆောင်ရွက်ချက်လည်းဖြစ်သောကြောင့် တရုတ်-လာအို နှစ်နိုင်ငံရှိ လောကအသီးသီး၏ အကြိုဆိုခံ၍ ကောင်းချီးပေးခဲ့သည်။

လာအို 《တရုတ် • ယူနန်》 သည် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ ပင်လယ်ရပ်ခြား၌ ထုတ်ဝေသော (၁၂)စောင်မြောက်အထူးထုတ်သတင်းစာဖြစ်သည်။ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၏ "အပြင်သို့ထွက်ခြင်း"ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် ဖြန့်ချီရေးသမိုင်းသည် (၁၉)နှစ်ရှိခဲ့ပြီးဖြစ်သည်။ အမေရိကန်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ထိုင်းစသည့်နိုင်ငံများမှ မီဒီယာများနှင့် လက်တွေ့တကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။

လောလောဆယ်ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် တောင်အာရှ အရှေ့တောင်အာရှသို့ မျက်နှာမူသော ဒေသတွင်းဆိုင်ရာ နိုင်ငံတကာသတင်းနှင့် သတင်းအချက်အလက်ဖြာထွက်မှုစင်တာအဖြစ် တည်ဆောက်ရန် ကြိုးစားနေဆဲဖြစ်သည်။

လာအို《တရုတ် • ယူနန်》 အထူးထုတ်သတင်းစာ၏ ရည်ရွယ်ချက်မှာ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်၏ဆန်းသစ်တီထွင်မှု၊ အစိမ်းရောင်၊ သဟဇာတဖြစ်မှု၊ တံခါးဖွင့်မှု၊ အတူတကွခံစားမှုဖြစ်သော ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေသစ်ကို ထည့်သွင်းဖော်ပြရန်၊ တရုတ်နိုင်ငံနှင့်ယူနန်ပြည်နယ်မှ ပြည်သူ့နေထိုင်မှုဘဝကို အာမခံပေးခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းအားဖြင့် ရရှိသောအောင်မြင်မှုသစ်များကို ထည့်သွင်းဖော်ပြရန်၊ တရုတ်နိုင်ငံ၏"ရင်းနှီးမြှုပ်နှံမှု၊ ရိုးသားမှု၊ သဟဇာတဖြစ်မှု၊ သည်းခံထောက်ညှာမှု"ဟူသော ပတ်ဝန်းကျင်နိုင်ငံဆက်ဆံရေးဆိုင်ရာအတွေးအခေါ်ဖော်ဆောင်မှုအခြေအနေနှင့်ယူနန်တိုင်းရင်းသားလူမျိုးများစည်းလုံးညီညွတ်မှု၊ နယ်စပ်ဒေသသဟဇာတဖြစ်မှုဆိုင်ရာ ဘဝသစ်ကို ထည့်သွင်းဖော်ပြရန်၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် "တစ်ဇုန်တစ်လမ်း" ရပ်ဝန်း၏ လမ်းတစ်လျှောက်ရှိ နိုင်ငံများက ကံကြမ္မာအသိုက်အဝန်းအတူတည်ဆောက်ရေး၏ လှပသည့်အလားအလာနှင့်ဆောင်ရွက်ချက်များကို ထည့်သွင်းဖော်ပြရန်၊ လာအိုနိုင်ငံနယ်ပယ်အသီးသီးမှ ပြည်သူလူထုများအား တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အပေါ် ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ သိရှိနားလည်စေရန်၊ လာအိုနိုင်ငံပြည်သူလူထုများအား တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ လာရောက်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု၊ ခရီးသွားအပန်းဖြေမှု၊ လေ့လာဖလှယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မရွေးသိရှိစေရန်၊ တရုတ်-လာအို၊ ယူနန်-လာအိုချစ်ကြည်ရေးကိုတိုးမြှင့်၍ တရုတ်-လာအို၊ ယူနန်-လာအိုလူမှုစီးပွားအတူတိုးတက်စေရန်အတွက်ဖြစ်သည်။

လာအို 《ဗီယင်ကျန်းတိုင်းမ်》 သတင်းစာသည် လာအိုနိုင်ငံတွင် အကြီးဆုံးသော အင်္ဂလိပ်ဘာသာသတင်းစာဖြစ်သည်။ ယင်းသတင်းစာကို ၁၉၉၄ ခုနှစ်တွင် လာအိုနိုင်ငံသတင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ခဲ့ဖြစ်ပြီး တစ်ပတ်လျှင်(၆)ကြိမ် ထုတ်ဝေထားခြင်းဖြစ်သည်။ ထို့ပြင် 《ဗီယင်ကျန်းတိုင်းမ်》 သတင်းစာသည် အင်တာနက်သတင်းများကိုလည်းထောက်ပံ့ပေးပြီး ဝက်ဆိုက်၊ မိုဘိုင်းသတင်းတို စသည်များကိုလည်း ဖွင့်လှစ်ထားသည်။

ထိုနေ့က ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ လာအိုပြည်သူ့ပါတီဗဟိုဌာနသတင်းစာ《ပြည်သူ့သတင်းစာ》သို့ သတင်းထောက်ကိရိယာများ လှူဒါန်းပွဲအခမ်းအနားကိုလည်း ကျင်းပခဲ့သည်။《ပြည်သူ့သတင်းစာ》နှင့် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုတို့သည် ရည်ရှည်ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးကို တည်ထောင်ခဲ့ပြီး ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ လာအိုမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသော မိတ်ဖက်လည်းဖြစ်သည်။ ၂၀၁၄ခုနှစ် အောက်တိုဘာလတွင် 《ပြည်သူ့သတင်းစာ》 ကိုယ်စားလှယ်အဖွဲ့သည် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသို့ သွားရောက်လေ့လာစဉ်အတွင်း နှစ်ဦးနှစ်ဖက်တို့က《နားလည်မှုစာချွန်လွှာ》ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ ၎င်း၏လက်တွေ့စွမ်းရည်အရ《ပြည်သူ့သတင်းစာ》အား သတင်းထောက်ကိရိယာများ ကူညီပံ့ပိုးပေးရန် ဂတိပေးခဲ့သည်။ ယခုအကြိမ်လှူဒါန်းပေးသောပစ္စည်းများမှာ အဓိကအားဖြင့် သတင်းထောက်ဗွီဒီယိုစက်၊ ကင်မရာ၊ လပ်တော့ကွန်ပျူတာများဖြစ်သည်။

သတင်းထောက် -
ကျန်ရိုဂူ၊ ဝမ်ကျင့်၊ ချူတုံးဟွာ


အထူးထုတ်သတင်းစာစတင်ဖြန့်ချီပွဲအခမ်းအနား

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# "ယူနန်ပုံ"ကို တီထွင်ခြင်း




"(၁၉)နှစ်ကြာစွဲမြဲစွာကြိုးစားခြင်းဖြင့် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် ယူနန်ကပြည်ပသို့ တံခါးဖွင့်စေသော လမ်းခရီးတွင်မီဒီယာများတက်ကြွစွာဦးဆောင်သောအခန်းထဲပါဝင်မှုကို အပြည့်အဝဖော်ထုတ်နိုင်ခဲ့ပြီး ယူနန်ပြည်နယ်နှင့်တရုတ်နိုင်ငံမှ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုအကျိုးတူပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန်ဆက်သွယ်ရန်အရေးပါလှသည့် ပေါင်းကူးဖြစ်လာ၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးသတင်းဖြန့်ချိမှုစွမ်းရည်ထူထောင်ရေး၏ 'ယူနန်ပုံ'ကို တီထွင်နိုင်ခဲ့သည်"။ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ"အပြင်သို့ထွက်ခြင်း"မှရရှိထားသောအောင်မြင်မှုများနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယူနန်ပြည်နယ်လူမှုရေးသိပ္ပံအကယ်ဒမီ အရှေ့တောင်အာရှ သုတေသနဌာန ဒုတိယသုတေသီ ကျောက်ဆူးလန်က ထိုသို့ဝေဖန်သုံးသပ်လိုက်သည်။

ကျောက်ဆူးလန်က ယူနန်နှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများသည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော်လည်း ယခင်သတင်းအချက်အလက်ဖလှယ်ရန် အတားအဆီးများကြောင့် "အရင်းနှီးဆုံးသော သူစိမ်း" ဖြစ်သွားခဲ့ကြောင်း၊ လက်ရှိတွင်မူ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုက အိမ်နီးချင်းနိုင်ငံများမှ အဓိကမီဒီယာများနှင့် အဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် သတင်းအချက်အလက်များစုဆောင်းရန်နှင့်ပို့ဆောင်ရန် ညီစင်တစ်ခုထူထောင်လိုက်ပြီး ယူနန်နှင့်ပတ်ဝန်းကျင်နိုင်ငံများအကြား ပိုမိုသိရှိနားလည်စေခဲ့ကြောင်း၊ တောင်အာရှ၊ အရှေ့တောင်အာရှကို မျက်နှာမူသော ဖြာထွက်မှုစင်တာကို တည်ဆောက်ရာတွင် ယူနန်အား အချက်အချာကျသည့် အခန်းကို ပိုမိုကောင်းမွန်စွာဖော်ထုတ်စေနိုင်ခဲ့ကြောင်း သတင်းထောက်အားထိုသို့ပြောသည်။

"ယူနန်ကိုယ်တိုင်အနေနှင့်ယဉ်ကျေးမှုအများအပြား ရောနှောနေသည့်နေရာပင်ဖြစ်သည်။

ယဉ်ကျေးမှုဖြတ်ကျော်သည့် အတွေးအခေါ်ကို အသုံးပြုမှသာလျှင် ကျွန်တော်တို့၏ ထူးကဲမှုကိုပြန့်ပွားနေသည့်တစ်ချိန်တည်း တစ်ဖက်နိုင်ငံမှ လက်ခံသူပရိသတ်များနှင့် တူညီစွာခံစားနိုင်မှသာ တစ်ဖက်နိုင်ငံအား ယူနန်ပြည်နယ်၊ တရုတ်နိုင်ငံကိုပိုမိုသိရှိနားလည်စေပြီး တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်"ဟု ကျောက်ဆူးလန်က ပြောသည်။ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် ယခုနှစ်ပိုင်းတွင် ပတ်ဝန်းကျင်နိုင်ငံမှ အဓိကမီဒီယာများနှင့် အထူးထုတ်သတင်းစာများကို ပူးပေါင်းထုတ်ဝေလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကိုလည်း အဆက်မပြတ်တိုးချဲ့ပေးနိုင်ခဲ့ကြောင်း၊ ယင်းသည် ပြည်တွင်းပြည်ပ မီဒီယာများအကြား အရင်းအမြစ် အတူမျှဝေခံစားရန်၊ အားသာချက် အပြန်အလှန်ဖြည့်စွက်ရန်အတွက် အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ ထို့ပြင် နှစ်ဦးနှစ်ဖက်တို့၏ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်နယ်ပယ်များ၏ ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း ခိုင်မြဲသော အခြေခံအုတ်မြစ်ချပေးနိုင်ပါကြောင်း ၎င်းကပြောသည်။

"နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုပြန့်ပွားရာတွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုအနေနှင့် အင်တာနက်အတွေးအခေါ်ကို အဆက်မပြတ်တိုးမြှင့်ပြီး ပြည်နယ်အတွင်းရှိ အခြားမီဒီယာများ၊ သုတေသနဌာနများစသည်တို့နှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်ကြပြီး အင်အားစုဖြစ်တည်စေ၍ လက်တွဲပြန့်ပွားကြရမည်ဖြစ်သည်။ ထို့ပြင်ပြန့်ပွားရန်လမ်းကြောင်းကို တိုးချဲ့၍နယ်ခံစည်းမျဉ်းစည်းကမ်းခွင့်ပြုသော အခြေခံအောက်တွင်ဟိုတယ်၊ လေဆိပ်စသည့်နေရာများကို မိမိ၏ ဝါဒဖြန့်ရန်လမ်းကြောင်းအဖြစ် စမ်းတဝါးဝါးနှင့်ဆောင်ရွက်နိုင်ပါသည်။

တစ်ဖက်နိုင်ငံရှိ နယ်ခံပြည်သူများကို အာရုံစိုက်ရုံသာမက အခြားသောနိုင်ငံတကာခရီးသည်များကိုလည်း ကြိုးစားစွာဖြာထွက်သွားရမည်"ဟု ကျောက်ဆူးလန်ကပြောသည်။ မီဒီယာများပေါင်းစပ်ထားသော မျက်မှောက်ခေတ်တွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် မျိုးစုံသောမီဒီယာညီစင်အားသာချက်ကို ကောင်းမွန်စွာအသုံးပြုပြီး တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံမှ လူငယ်များကိုရည်စူး၍ သွက်လက်ချက်ချာအောင်ပြန့်ပွားပြီး ပင်လယ်ရပ်ခြားမှ မတူခြားနားသောလက်ခံသူပရိသတ်များအား ယူနန်ပြည်နယ်၏အလှကို သိရှိနားလည်စေမည်ဟု ၎င်းကအကြံပြု လိုက်သည်။

Links အချိတ်အဆက်များ-

## 'ယူနန်နာမည်ကတ်' (၁၂)ချပ်

➤၁၉၉၆ခုနှစ်မေလတွင် ယူနန်နေ့စဉ်သတင်းစာသည် အမေရိကန်နိုင်ငံ《အင်တာနေရှင်နယ် နေ့စဉ်သတင်းစာ》နှင့်ပူးပေါင်း၍ တရုတ်ဘာသာ《အင်တာနေရှင်နယ်နေ့စဉ်သတင်းစာ • ယနေ့ယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး အမေရိကန်တစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၃ ခုနှစ်ဧပြီလတွင်အင်ဒိုနီးရှားနိုင်ငံ《အင်တာနေရှင်နယ်နေ့စဉ်သတင်းစာ》နှင့်ပူးပေါင်း၍ တရုတ်ဘာသာ《အင်တာနေရှင် နယ်နေ့စဉ်သတင်းစာ • လှပသောယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၃ ခုနှစ်အောက်တိုဘာလတွင်မြန်မာနိုင်ငံ《ရွှေဇာမဏီ》သတင်းစာနှင့်ပူးပေါင်း၍ တရုတ်ဘာသာ《ရွှေဇာမဏီ • လှပသောယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၄ခုနှစ်ဖေဖော်ဝါရီလတွင် အမေရိကန်《Los Angeles တိုင်းမ်သတင်းစာ》နှင့်ပူးပေါင်း၍ အင်္ဂလိပ်ဘာသာ《Los Angeles တိုင်းမ်သတင်းစာ • လှပသောယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး အမေရိကန်တစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၄ ခုနှစ်ဩဂုတ်လတွင် မြန်မာနိုင်ငံရန်ကုန်မီဒီယာများအုပ်စုနှင့် ပူးပေါင်း၍ မြန်မာဘာသာ《ရန်ကုန်တိုင်းမ် သတင်းစာ • လှပသောယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၄ ခုနှစ်ဩဂုတ်လတွင် မြန်မာနိုင်ငံရန်ကုန်မီဒီယာများအုပ်စုနှင့် ပူးပေါင်း၍ မြန်မာဘာသာ《ပန်းသတင်း • လှပသောယူနန်》အထူးထုတ်သတင်းစာကိုတီထွင်ထုတ်ဝေခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤၂၀၁၄ခုနှစ်ဩဂုတ်လတွင်အင်ဒိုနီးရှား《အင်တာနေရှင်နယ်နေ့စဉ်သတင်း》နှင့်ပူးပေါင်း၍ အင်္ဂလိပ်ဘာသာ《လှပသောယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤၂၀၁၄ခုနှစ်ဩဂုတ်လတွင် အင်ဒိုနီးရှား《အင်တာနေရှင်နယ်နေ့စဉ်သတင်း》နှင့် ပူးပေါင်း၍အင်ဒိုနီးရှားဘာသာ《လှပသော ယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၄ ခုနှစ်ဒီဇင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ《လွတ်လပ်ရေးသတင်းစာ》နှင့်ပူးပေါင်း၍ အင်္ဂလိပ်ဘာသာ《လွတ်လပ်ရေးသတင်းစာ • လှပသောယူနန်》အထူးထုတ်သတင်းစာကိုတီထွင်ထုတ်ဝေခဲ့ပြီး ဘင်္ဂလားဒေ့ရှ်တစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤၂၀၁၅ခုနှစ်ဖေဖော်ဝါရီလတွင် ကမ္ဘောဒီးယား《ကမ္ဘောဒီးယားအလင်းသတင်းစာ》နှင့်ပူးပေါင်း၍ကမ္ဘောဒီးယားဘာသာ《ကမ္ဘောဒီးယားအလင်းသတင်းစာ • လှပသောယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး ကမ္ဘောဒီးယားတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၅ ခုနှစ်ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ《အမျိုးသားသတင်းစာ》နှင့်ပူးပေါင်း၍အင်္ဂလိပ်ဘာသာ《တရုတ် • ယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး ထိုင်းတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

➤ ၂၀၁၅ ခုနှစ်ဒီဇင်ဘာလတွင် လာအို《ဗီယင်ကျန်း တိုင်းမ်သတင်းစာ》နှင့် ပူးပေါင်း၍ အင်္ဂလိပ်ဘာသာ《တရုတ် • ယူနန်》အထူးထုတ်သတင်းစာကို တီထွင်ထုတ်ဝေခဲ့ပြီး လာအိုတစ်နိုင်ငံလုံးတွင် ဖြန့်ချိလိုက်သည်။

# လန်ချမ်း–မဲခေါင်မြစ်ဝှမ်းနိုင်ငံများ ယဉ်ကျေးမှုအနုပညာပွဲတော်ကို ကျင်ဟုန်မြို့တွင်ဖွင့်လှစ်



အနုပညာပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် တင်ဆက်ကပြနေပုံကို တွေ့ရစဉ်။

မကြာမီ ၂၀၁၅ ခုနှစ် လန်ချမ်း-မဲခေါင်မြစ်ဝှမ်းနိုင်ငံများ ယဉ်ကျေးမှုအနုပညာပွဲတော်ကို ကျင်ဟုန်မြို့၊ ကောက်ကွျမ်းရှီးစွမ်းကျင်ရင်ပြင်တွင် ဖွင့်လှစ်ခဲ့သည်။ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စသည့် နိုင်ငံ(၆)နိုင်ငံမှ အနုပညာရှင်များ၊ ယဉ်ကျေးမှုလုပ်ငန်းလုပ်ကိုင်သူများက လန်ချမ်းမြစ်ကမ်းတွင် လက်တွဲတင်ဆက်ကပြခဲ့ကြသည်။

အနုပညာပွဲတော်ကို《၂၀၁၅ ခုနှစ်တွင် ချိန်းချက်ခြင်း》အကြီးစားပဒေသာကပွဲနှင့်ဂီတဆည်းဆာဖျော်ဖြေပွဲတို့ဖြင့် ဖွင့်လှစ်လိုက်သည်။ မဟာမဲခေါင်မြစ်ဝှမ်းဒေသယဉ်ကျေးမှုကို နောက်ခံအဖြစ်၊ ပင်လယ်ပြင်ပိုးလမ်းမကြီးကို သဲလွန်စအဖြစ်၊ တိုင်းရင်းသားယဉ်ကျေးမှုကိုပြသရန် အနှစ်သာရအဖြစ်ထားကြသောအဆိုပါပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲသည် လန်ချမ်း-မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံအသီးသီး၊ တိုင်းရင်းသားလူမျိုး အသီးသီးတို့မှ ပြည်သူလူထုများ ကျန်းမာချမ်းသာမှု၊ အတူတကွ စည်ပင်ဝပြောမှု၊ အတူတကွ ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူတကွ ငြိမ်းချမ်းသာယာရေးဖန်တီးမှု၏အသွင်သဏ္ဌာန်များကို သရုပ်ဖော်ပြသခဲ့သည်။

ယခုအကြိမ်အနုပညာပွဲတော်ကျင်းပစဉ်အတွင်း စစ်ဆောင်ပန်နားအပြည်ပြည်ဆိုင်ရာ နာမည်ကျော်မီဒီယာများဖိတ်ခေါ်ပြပွဲ၊ စစ်ဆောင်ပန်နားတိုင်းရင်းသားလူမျိုးဂီတပွဲ၊ လန်ချမ်း-မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအနုပညာကုန်စည်ပြပွဲ၊ ပထမအကြိမ်မြောက် လန်ချမ်း-မဲခေါင်မြစ်ဝှမ်းဒေသတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်၊ ပုံထပ်၍ မနိုပ်တော့သော သစ်သားပန်းပုလက်ရာပြပွဲနှင့် ပိတ်ပွဲအခမ်းအနားဖြစ်သည့်ပဒေသာကပွဲနှင့် ဂီတဆည်းဆာဖျော်ဖြေပွဲ《အဆိုအကဒဏ္ဍာရီ • နေမင်းကြိုဆိုခြင်း》စသည့်အစီအစဉ်များကိုလည်း ကျင်းပခဲ့သည်။

ယခုအကြိမ်ယဉ်ကျေးမှုအနုပညာပွဲတော်ကို ယူနန်ပြည်နယ်ပါတီကော်မတီပြန်ကြားရေး ဌာန၊ စစ်ဆောင်ပန်နားတိုင်တိုင်းရင်းသားလူမျိုးများကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲပါတီကော်မတီ၊ ပြည်နယ်ခွဲအစိုးရတို့က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး"သင့်မြတ်ချစ်ကြည်ရေး၊စည်ပင်သာယာမှုလက်တွဲဖန်တီးရေး"ကို ခေါင်းစဉ်အဖြစ်ထားကျင်းပခဲ့ခြင်းဖြစ်သည်။

သတင်းထောက် - တိုက်ကျင့်ဟွာ

# တရုတ်–မြန်မာနယ်စပ်ကုန်စည်ပြပွဲ –နွေဦးကာလရောင်းထင်စေ

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် (၁၅)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲကို ရွှေလီမြို့ကျယ်ခေါင်အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာတွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်စတင်ကျင်းပသည့်နှစ်မှစ၍ တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲ၏အတိုင်းအတာသည် တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာပြီး အကြောင်းအရာလည်း အဆက်မပြတ် ကြွယ်ဝလာခဲ့သည်။ လက်ရှိတွင် ယင်းကုန်စည်ပြပွဲသည် နယ်စပ်ဒေသတွင်း ကုန်စည်ပြပွဲကြီးအဖြစ် တိုးတက်လာသည်။ ပြီးခဲ့သည့်နှစ်များအတွင်း အရှိန်အဝါ အဆက်မပြတ် ကြီးမားလာသည်နှင့်အမျှ နယ်စပ်ကုန်စည်ပြပွဲသည် အိန္ဒိယ၊ထိုင်း၊ဘင်္ဂလားဒေ့ရှ်၊ကိုးရီးယား၊ ဗီယက်နမ်စသည့်နိုင်ငံများနှင့် တရုတ်ဟောင်ကောင်၊ ထိုင်ဝမ်ဒေသများမှ စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်၍ ပြပွဲသို့ တဖွဲဖွဲ ပါဝင်တက်ရောက်ခဲ့ကြသည်။




တရုတ် - မြန်မာနယ်စပ်ကုန်စည်ပြပွဲကို တွေ့ရစဉ်

**နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရန်တံတားကြီးဆောက်လုပ်**

စုံစမ်းမေးမြန်းခြင်းအရ ယခုနှစ်တွင် နယ်စပ်ကုန်စည်ပြပွဲသို့ လာရောက်ပါဝင်ပြသခဲ့ကြသော မြန်မာ့စီးပွားရေးလုပ်ငန်းများမှာ စုစုပေါင်း (၄၇)ခုရှိခဲ့ကြောင်း၊ လယ်ယာထွက်ကုန်၊ ဆေးဝါးနှင့်ဆေးကုကိရိယာ၊ နေ့စဉ်သုံးပစ္စည်းနှင့်ဓာတုပစ္စည်း၊ ရေထွက်ပစ္စည်းနှင့်ကျောက်မျက်ရတနာစသည့် နယ်ပယ်များမှ လာရောက်ပြသခြင်းဖြစ်ကြောင်း၊ ပါဝင်ပြသခဲ့သည့်စီးပွားရေးလုပ်ငန်းများမှာ မြန်မာ့မြောက်ပိုင်းရှိ တိုင်း/ပြည်နယ်အသီးသီးမှ ရောက်ရှိလာသည့်အပြင် မြန်မာ့တောင်ပိုင်းရှိ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးစသည့်တိုင်း/ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းများကလည်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။ ယင်းနယ်စပ်ကုန်စည်ပြပွဲသည် တရုတ်-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုကို ဆက်သွယ်စေသည့်အရေးအကြီးဆုံးသောညီစင်တစ်ခုဖြစ်လာတော့သည်။

စီးပွားရေးလုပ်ငန်းများအကျိုးတူပူးပေါင်းရန် တံတားကြီးဆောက်လုပ်နယ်စပ်ကုန်စည်ပြပွဲ၏အတိုင်းအတာနှင့်အရှိန်အဝါအဆက်မပြတ်တိုးချဲ့လာသည်နှင့်အမျှ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းများသည် နယ်စပ်ကုန်စည်ပြပွဲအတွက် သိမြင်မှုနှင့်မျှော်လင့်ချက်လည်း မြင့်မားသထက်မြင့်မားလာသည်။ တွေ့ဆုံမေးမြန်းရာတွင် ယင်းနယ်စပ်ကုန်စည်ပြပွဲမှတစ်ဆင့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနှင့်ပူးပေါင်းဖလှယ်နိုင်သောပေါင်းကူးတံတားတစ်စင်းဆောက်လုပ်ပေးရန်မျှော်လင့်ထားသည်ဟု များပြားလှသောစီးပွားရေးလုပ်ငန်းတို့က တဖွဲဖွဲ ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံမှအပ အခြားနိုင်ငံမှ စီးပွားရေးလုပ်ငန်းများကလည်း ကုန်စည်ပြပွဲသို့ အဆက်မပြတ်ပါဝင်ပြသလာကြသည်။ "ကျွန်တော့်မိတ်ဆွေက ဒီပြပွဲဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖော်များကို ရှာဖွေနိုင်တဲ့အခွင့်ကောင်းဖြစ်ပါတယ်လို့ ကျွန်တော့်ကို ပြောပေးတယ်။ ကျွန်တော်ဟာ နယ်စပ်ကုန်စည်ပြပွဲမှတစ်ဆင့် ရေရှည်ကုန်သွယ်ရေးအဖော်တစ်ဦး ရှာလိုက်ပြီး အာဖရိကယဉ်ကျေးမှုအား တရုတ်နိုင်ငံမှာ ပြန့်ပွားစေမဲ့လုပ်ငန်းများကို လက်တွဲလုပ်ဆောင်ကြမယ်လို့မျှော်လင့်ထားပါတယ်"ဟုအာဖရိကတိုက်ဂါနာနိုင်ငံမှ ရောက်ရှိလာသောမက်ခ်က အတည့်အလင်း ပြောသည်။

ပြည်ပနှင့်ဆက်ဆံဖလှယ်သောတံတားကြီးဆောက်လုပ်စုံစမ်းမေးမြန်းခြင်းအရ ယခုအကြိမ်နယ်စပ်ကုန်စည်ပြပွဲကျင်းပစဉ်အတွင်း တရုတ်-မြန်မာနှစ်နိုင်ငံတို့သည် တရုတ်-မြန်မာခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲ၊ တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှူးအဆင့်တွေ့ဆုံဆွေးနွေးပွဲ၊ တရုတ်-မြန်မာနယ်စပ်ယဉ်ကျေးမှုနှင့် အနုပညာပဒေသာဆည်းဆာဖျော်ဖြေပွဲ၊ တရုတ်-မြန်မာနှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲ၊ တရုတ်-မြန်မာနယ်စပ်ဒေသခရီးသွားပူးပေါင်းဖလှယ်ရေးနှီးနှောဖလှယ်ပွဲစသည့်အစီအစဉ်များကိုလည်း ကျင်းပခဲ့ပြီး တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာပူးပေါင်းဖလှယ်ရေးနှင့် "ဆွေမျိုးပေါက်ဖော်"ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန်အတွက် တက်ကြွစွာ စူးစမ်းလေ့လာခဲ့ကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲကို ၂၀၀၁ ခုနှစ်ကစ၍ တရုတ်နိုင်ငံရွှေလီမြို့နှင့် မြန်မာနိုင်ငံမူဆယ်မြို့တို့တွင် နှစ်စဉ် အလှည့်ကျ ကျင်းပခဲ့ပြီး ယခုထက်တိုင် (၁၄)ကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ နှစ်စဉ် ပြပွဲကျင်းပစဉ်အတွင်း တရုတ်-မြန်မာနှစ်ဦးနှစ်ဖက်တို့သည် စီးပွားရေး၊ ယဉ်ကျေးမှု၊ နယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေးစသည့်ဘက်တွင် ပူးပေါင်းဖလှယ်ရေးနှီးနှောဖလှယ်ပွဲများကို ကျင်းပလေ့ရှိပြီး ရှေ့ဆက်လက်၍ နှစ်ဦးနှစ်ဖက်တို့မှ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်၊ နယ်စပ်ဂိတ်ကို လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာရန်နှင့် အပြန်အလှန် ဆက်သွယ်မှုတည်ဆောက်ရေး၊ နယ်စပ်ဂိတ် စည်ပင်သာယာရေးတိုးမြှင့်စေရန်စသည့်ပြဿနာများနှင့်စပ်လျဉ်း၍လက်တွေ့ကျကျ ဆွေးနွေးဖလှယ်ခဲ့ကြပြီး တက်ကြွသောရလဒ်ကောင်းများရရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကိုပိုမို တိုးတက်ခိုင်မြဲစေရန်အတွက် အကျိုးဆောင်ခဲ့သည်။

လွန်ခဲ့သည့်နှစ်များအတွင်း နယ်စပ်ကုန်စည်ပြပွဲမှ ကုန်သွယ်ရေး၊ စီးပွားရေးအပေါ် တွန်းအားပေးသည့်အခန်းကို တက်ကြွစွာ တိုးချဲ့ဖော်ထုတ်စေရန်၊ တရုတ်-မြန်မာကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ အပြန်အလှန်ဖလှယ်မှုနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို ဖြာထွက်ရန်၊ တယ်ဟုန်ပြည်နယ်ခွဲသည် နယ်စပ်ကုန်စည်ပြပွဲကျင်းပရေးအဆင့်အတန်းကို အဆက်မပြတ်မြှင့်တင်၍ နယ်စပ်ကုန်စည်ပြပွဲ၏ကုန်သွယ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအပေါ် တွန်းအားပေးစေမည့်အခန်းကို ဖော်ထုတ်ပြီး စီမံအုပ်ချုပ်မှုနှင့်ဝန်ဆောင်မှုအဆင့်အတန်းကိုလည်း မြှင့်တင်ခဲ့သည်။ ၎င်းအပြင် နယ်စပ်ကုန်စည်ပြပွဲဖြစ်သည့်ညီစင်ကို အမှီပြု၍ နှစ်ဦးနှစ်ဖက်တို့၏ကူးသန်းရောင်းဝယ်ရေးဆိုင်ရာညှိနှိုင်းဆွေးနွေးမှုစနစ်ကို တည်ထောင်နိုင်ခဲ့ပြီး တယ်ဟုန်ပြည်နယ်ခွဲ၏ပြည်ပတံခါးဖွင့်ရေးနှင့် ပူးပေါင်းဖလှယ်ရေးအတွက် တက်ကြွစွာမြှင့်တင်သည့်အခန်းထဲ ပါဝင်ခဲ့သည်။

သတင်းထောက် - တိန့်ချင်းဝင်

# လမ်းရှည်သည်ထက်၊ မေတ္တာက ပိုရှည်သည်

## ကျွန်တော်တို့၏ ကူမင်း – ဘန်ကောက်လမ်းမကြီးအကြောင်းကို သရုပ်ဖော်ခြင်း

တရုတ်နိုင်ငံတွင် ယူနန်ပြည်နယ်မှလွဲ၍ ထိုင်းနိုင်ငံနှင့် ဤမျှအဆင်ပြေချောမွေ့စွာ သွားလာနိုင်သည့်အချက်အလက်မှာ မည်သည့်ပြည်နယ်(သို့)မြို့မှ မရှိနိုင်ပါ။ ကူမင်းမြို့မှ တစ်နာရီခန့်လေယာဉ်စီးနင်းခြင်းဖြင့် ထိုင်းနိုင်ငံချင်းလိုင်မြို့(သို့)ချင်းမိုင်မြို့သို့ ဆိုက်ရောက်နိုင်သည်။ နှစ်နာရီခန့်စီးနင်းပါက ဘန်ကောက်မြို့နှင့်ဆူးမေမြို့သို့ ဆိုက်ရောက်နိုင်သည်။ နှစ်နာရီခွဲခန့်စီးနင်းပါက ဖူကျိကျွန်းနှင့်ကျာမီမြို့သို့ ဆိုက်ရောက်နိုင်သည်။ လန်ချမ်း-မဲခေါင်မြစ်တစ်သွယ်ဖြင့် တရုတ်နိုင်ငံယူနန်ပြည်နယ်နှင့်ထိုင်းနိုင်ငံတို့ကို ဆက်သွယ်ထားသည်။ ရွှေရောင်လမ်းမ၊ ညို့ဓာတ်ပါလမ်းတစ်လမ်း-ကူမင်း-ဘန်ကောက်လမ်းမကြီးသည် ကူမင်းမြို့နှင့်ဘန်ကောက်မြို့၊တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှတို့ကို ကျစ်ကျစ် ချိတ်ဆက်ထားသည်။

ကူမင်း-ဘန်ကောက်လမ်းမကြီး၏ တည်ရှိခြင်းကို ပထမဆုံးအကြိမ်သိရသည့်အချိန်မှာ ၂၀၀၈ ခုနှစ်ဖြစ်သည်။ ကူမင်းမြို့အစိုးရက ကိုယ်ပိုင်ယာဉ်တန်းစည်းရုံးပြီး ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်သောသတင်းကို သတင်းစာပေါ်မှ ဖတ်ရသည့်အခါ ခဏချင်း အံ့သွားပြီး စဉ်းစား၍မရနိုင်ပါ။ ကူမင်းမြို့မှ ဘန်ကောက်မြို့သို့ ဤသို့သောနည်းလမ်းဖြင့် သွားနိုင်မှန်းသိရသော် စိတ်ထဲတွင် မျှော်လင့်တောင့်တလာတော့သည်။ ကျွန်တော့်မှာ မည်သည့်အချိန်ကျမှ ဤမျှညို့ဓာတ်ပါသောကူမင်း-ဘန်ကောက်လမ်းမကြီးမှ တစ်ဆင့် လမ်းတစ်လျှောက်ရှိ ရှုခင်းအလှကို ရှုစား၍ လာအိုနိုင်ငံကို ဖြတ်သန်းပြီး ထိုင်းနိုင်ငံအထိ ရောက်ရှိနိုင်မည်နည်း။ ထိုနေ့မှစ၍ ယင်းအိပ်မက်သည် ကျွန်တော့်စိတ်ထဲတွင် အညှောက်ပေါက်လာတော့သည်။

၂၀၁၃ ခုနှစ်ဇွန်လိုင်လ ၁၈ ရက်တွင် စိတ်လှုပ်ရှားတက်ကြွသည့်အထဲ ထွက်ခွာမည့်နေ့သို့ ရောက်ရှိလာတော့သည်။ ယာဉ်တန်းကြီးကို လိုက်ပါ၍ ကူမင်း-ယုရှီးအမြန်လမ်းမကြီး၏ဝင်ပေါက်သို့ ရောက်ရှိသည့်အချိန်မှစ၍ မိမိ၏စိတ်ထားမှာ ပြတင်းပေါက်ပြင်ပက နွေးထွေးသောလေစီးကြောင်းနှင့်အမျှ ပျံ့လွှားလာတော့သည်။ မော်ကျမ်းခရိုင်မှ အမြွာပူးမြို့လေး၊ မြောက်ယဉ်စွန်းတန်းအမှတ်သင်္ကေတ၊ ယွမ်ကျမ်းခရိုင်မှ သရက်သီး၊ ကမ္ဘာ့အမြင့်ဆုံးတံတားဖြစ်သည့်ဟုန်ဟော်တံတားကြီး၊ ဖူးလ်လက်ဖက်ခြံ၊ တရုတ်နိုင်ငံ၏အလှပဆုံးသောလမ်းမဖြစ်သည့် စီး(မောင်)-ရှောင်(မုန့်ရန်)လမ်းမနှင့်လှပသောစစ်ဆောင်ပန်နားတို့သည် ကူမင်း-ဘန်ကောက်လမ်းမပေါ်တွင် ဆန့်တန်းသွားသောပန်းချီကားကြီးတစ်ချပ်ပမာ အားလုံး၏မျက်စိရှေ့တွင် ထွက်ပေါ်လာနေသည်။ မြင်ကွင်းတိုင်းသည် အများကို စွဲမက်စေတတ်သည်။

ကူမင်း-ဘန်ကောက်လမ်းမကြီး၏ လာအိုလမ်းပိုင်းသည် (၂၅၀)ကီလိုမီတာခန့်ရှိသည်။ မော်ဟန်း၊ နန်ထာနှင့် ပေါ်ချောင်ပြည်နယ်(၃)ပြည်နယ်ကို ဖြတ်ကျော်ပြီး လာအိုနိုင်ငံပေါ်ချောင်ပြည်နယ်၏ဟွေ့စိုက်နယ်စပ်ဂိတ်သို့ ရောက်ရှိလာသည်။ ထိုင်းနိုင်ငံသည် မဲခေါင်မြစ်၏တစ်ဖက်ကမ်းတွင်ပင် တည်ရှိနေသည်။ လာအိုနိုင်ငံနယ်စပ်ဂိတ်ကို ဖြတ်သန်းပြီးနောက် ကွေ့ကွေ့ကောက်ကောက်ဖြစ်သောတောင်ပတ်လမ်းများသာဖြစ်တော့သည်။ ကားအရှိန်နှုန်းမှာ အခြေခံအားဖြင့် တစ်နာရီလျှင်(၆၀)ကီလိုမီတာထက် မကျော်နိုင်ပါ။ လမ်းခရီးတစ်လျှောက်တွင် လှပသောသဘာဝရှုခင်းများ၊ ပြည်သူ၏ရိုးသားမှုများသည် ခရီးသွားများကို စွဲမက်စေခဲ့သည်။ ဟွေ့စိုက်နယ်စပ်ဂိတ်သို့ ရောက်ရှိပြီးနောက် ကူးတို့သင်္ဘောကို အားထား၍ မြစ်ကူးရပါမည်။ မော်တော်ယာဉ်အားလုံးသည် ကူးတို့သင်္ဘောပေါ်သို့ မောင်းတက်သွားရပြီး လိုက်ပါသူမှာမူ ကူးတို့သင်္ဘော၏အပေါ်ထပ်မှ ကင်မရာများဖြင့် လှပသောမဲခေါင်မြစ်၏ရှုခင်းအလှများကို မှတ်တမ်းတင်နိုင်သည်။ ယင်းအဖြစ်အပျက်ကို သတိရမိသော် ယခုထက်တိုင် မေ့လျော့နိုင်မှာ မဟုတ်ပါ။ ယခုမှာမူ လာအိုနိုင်ငံမှ ထိုင်းနိုင်ငံသို့သွားလျှင် ကူးတို့သင်္ဘောမလိုတော့ဘဲ ယခင်က ကူးတို့သင်္ဘောသည် အတိတ်သမိုင်းဖြစ်သွားတော့သည်။



ကူမင်း-ဘန်ကောက်လမ်းမ ကြီးတစ်လျှောက်မှ လှုမှုရေးယဉ်ကျေးမှု ရှုခင်းဓာတ်ပုံ

၂၀၁၃ ခုနှစ်ဒီဇင်ဘာလ ၁၁ ရက်တွင် ရေစက်ဆုံသဖြင့် ထိုင်း-လာအိုချစ်ကြည်ရေးတံတားဖွင့်ပွဲအခမ်းအနားကို တက်ရောက်နိုင်ခဲ့သည်။ တံတားကြီးမှ ထိုင်းဘက်သို့ပေါက်သွားသည့်မြေနေရာတွင် စေ့စပ်သေချာစွာ ဒီဇိုင်းရေးဆွဲထားသောအာရဗျကိန်းဂဏန်း“8”ပုံလမ်းလွှဲလမ်းသည် တမူထူးခြားပြီး သေသေသပ်သပ်ရှိနေသည်။ ထိုင်း-လာအိုနှစ်နိုင်ငံစတိုင်လ်ပါ ငှက်ပျံလမ်းမီးသည် တံတားပေါ်တွင် စီစီရီရီ စီလိုက်ပြီး အလွန် ထင်ရှားလှသည်။ ယင်းသည် ပျံလွှားပုံတစ်မျိုးဖြစ်သည်ဟုသင်ခံစားနိုင်မည်။ သီရိတုံမင်းသမီးသည် ကော်ဇောနီပေါ်သို့ လျှောက်လှမ်းပြီး ကင်မရာမြောက်၍ ဓာတ်ပုံရိုက်သည့်အခါ သူမမှာလည်း ယင်းရှုခင်းအလှကို ဆွဲဆောင်မိသည်ဟု ကျွန်တော်ခန့်မှန်းနိုင်သည်။ ဒီဇင်ဘာလ ၁၂ ရက်တွင် ယူနန်မှ ရောက်ရှိလာသောယာဉ်တန်းအဖွဲ့သည် ထိုင်း-လာအိုချစ်ကြည်ရေးတံတားကြီးပေါ်သို့ ဖြတ်သန်းသွားသည့်ပထမဆုံးသောကိုယ်ပိုင်ယာဉ်မောင်းအဖွဲ့ဖြစ်လာတော့သည်။ တရုတ်နိုင်ငံက ယင်းလှပသောတံတားကြီးကိုလည်း ပါဝင်တည်ဆောက်ခဲ့သည်ကို သိရသော် ကျွန်တော်သည် အမိနိုင်ငံ၏ စည်ပင်သာယာရေးအတွက် အထူးပင် ဂုဏ်ယူမိပါသည်။ တံတားကြီး၏ဆောက်လုပ်ပြီးစီးခြင်းသည် ကူမင်း-ဘန်ကောက်လမ်းမကြီးကို ပိုမို လျင်မြန်ချောမွေ့စေတော့သည်။ အချိန်အရ များစွာ အတိုချုံ့စေသည့်အပြင် စီးပွားရေးအရလည်း ပိုမို ရင်းနှီးပြီး သုံးနိုင်ငံပြည်သူလူထုများ၏ စိတ်များကိုလည်း ပိုမို နီးစပ်စေတော့သည်။

၂၀၁၄ ခုနှစ်တွင် ကူမင်း-ဘန်ကောက်လမ်းမကြီးပေါ်သို့ နောက်ထပ်တစ်ကြိမ်ရောက်ရှိသွားသောအခါ ကူမင်း-ဘန်ကောက်လမ်းမကြီးတစ် လျှောက်တွင် လာအိုနိုင်ငံမှ သိသာစွာပြောင်းလဲလာမှုသည် ကျွန်တော့်ကို အလွန်အံ့အားသင့်စေသည်။ မော်ဟန်းနယ်စပ်ဂိတ်တွင် အကြီးစားအခွန်ကင်းလွတ်ဆိုင်ကြီးကိုပင် ဖွင့်လှစ်လိုက်သည်။ စီမံကိန်းအရပ်ရပ်ကိုလည်း တဟုန်ထိုးတည်ဆောက်နေကြသည်။ ဟွေ့စိုက်နယ်စပ်ဂိတ်တွင်လည်း အဆောက်အဦးများစွာ ဆောက်လုပ်ထားပြီးဖြစ်သည်။ ထိုင်းနိုင်ငံဘက်တွင် ချင်းခုံနယ်စပ်ဂိတ်အနီးမှ မြေယာဈေးနှုန်းမှာ (၁၀)ဆကျော် မြင့်တက်လာနေသည်ဟုပြောသံကြားရသည်။ ထိုသို့သောအခြေအနေမျိုးမှာ ယခင်က လုံးဝ မစိတ်ကူးဝံ့ပါ။

စိတ်ကူးတောင်ပံကို အမှန်တကယ်ဖြေလွှတ်ပြီး အနာဂတ်တွင် ကူမင်း-ဘန်ကောက်လမ်းမကြီး၏အကြောင်းကို စိတ်ကူးယဉ်ချင်လှသည် - လာအိုလမ်းပိုင်းမှာ လမ်းတစ်လျှောက်လုံး အဝေးပြေးလမ်းမဖြစ်ကောင်းဖြစ်နိုင်မည်။ ကူမင်း-ထိုင်းအသွားခရီးအတွက် (၁၂)နာရီခန့်သာလိုတော့သည်။ အာဆီယံနိုင်ငံအသီးသီးမှ မော်တော်ယာဉ်များသည် လှပသောကူမင်း-ဘန်ကောက်လမ်းမကြီးပေါ်တွင် လွတ်လပ်စွာ မောင်းနှင်နိုင်တော့သည် . . .

ကူမင်း-ဘန်ကောက်လမ်းမကြီး၏အနာဂတ်မှာ ပိုမို လှပကောင်းမွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ယနေ့တွင် ကျွန်တော်သည် ကူမင်း-ဘန်ကောက်လမ်းမကြီးပေါ်တွင် ကိုယ်ပိုင်ယာဉ်ဖြင့် မောင်းနှင်ခဲ့သည်။ သင်မည်သည့်အချိန်လာမှာနည်း။



ကူမင်း-ဘန်ကောက်လမ်းမ ကြီးတစ်လျှောက်မှ လူမှုရေးယဉ်ကျေးမှု ရှုခင်းဓာတ်ပုံ